# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

March 25, 2020 — Volume 29, Number 16

**၂၅.၃.၂၀၂၀**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၆၂၁ -US$ |
| မြန်မာ့ရွှေဈေး | = ၁၁၆၀၀၀၀/- ကျပ် |
| ဒေါ်လာဈေး | = ၁၃၇၂/- ကျပ် |
| CBM Rate | = ၁၃၈၉.၀ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၀၄.၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၆၀.၉၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၆၅၆.၁ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၂၄၇.၄ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၈၄၁.၈၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၅.၆၅ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၈.၁၈၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၂.၅၄ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၁၆.၀၆ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၂.၃၂၂ ကျပ် |

Source: CBM Rate, etrademyanmar.com

## မည်သည့်အခြေအနေတွင်ဖြစ်စေ ဘဏ်လုပ်ငန်းများ မရပ်တန့်ရန် ဗဟိုဘဏ်စီမံထား

မည်သည့်အခြေအနေတွင်ဖြစ်စေ ဘဏ်လုပ်ငန်းများ စဉ်ဆက်မပြတ် လည်ပတ်ဆောင် ရွက်နိုင်ရေး အစီအမံများထားရှိကြောင်း ဗဟိုဘဏ်က ယမန်နေ့ညတွင် နိုင်ငံပိုင်ရုပ်သံမှတစ်ဆင့်ကြေညာသည်။ ဘဏ်များနှင့်ဆက်သွယ်ဆောင်ရွက်သူ ပြည်သူများအနေဖြင့် ဘဏ်များကပုံမှန်ထက်ပိုပြီး ငွေသားလာရောက်ထုတ်ယူမှု ရှိကြောင်းတွေ့ရှိသည့်အပေါ် ဗဟိုဘဏ်က ယင်းသို့ထုတ်ပြန်ခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၏ ဘဏ်လုပ်ငန်းများ အဆင်ပြေချောမွေ့စွာ လည်ပတ်နိုင်ရေး ကြိုးကြပ်နေပြီး ဘဏ်အားလုံးသည် မည်သည့်အခြေအနေတွင်ဖြစ်စေ ဘဏ်များနှင့် ဆက်သွယ်ဆောင်ရွက်သူ ပြည်သူများအား ငွေထုတ်ပေးခြင်းအပါအဝင် နေ့စဉ်ပုံမှန် ဝန်ဆောင်မှုလုပ်ငန်းများကို ဘဏ်ဖွင့်ရက်များအတိုင်း ဆက်လက်ဆောင်ရွက်မည်ဟု ဆိုသည်။

အများပြည်သူသို့ ငွေပေးချေမှုများ အဆင်ပြေစွာဆောင်ရွက်နိုင်စေရန် မိုဘိုင်း ငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများကို ငွေလွှဲငွေပို့ခြင်းများအတွက် ပုံမှန်ထက် ပမာဏတိုးမြှင့်ဆောင်ရွက်ခွင့်ပြုထားကြောင်းနှင့် ဘဏ်များကိုလည်း ဘဏ်ခွဲများတွင် သာမက အလိုအလျောက်ငွေထုတ်စက် (ATM) များ၌ အချိန်မရွေးငွေမပြတ်ထုတ်ယူ နိုင်ရေးစီစဉ်ထားရှိရန် ဗဟိုဘဏ်က ညွှန်ကြားထားသည်ဟုကြေညာသည်။

Source: https://7day.news/detail?id=182484

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## ဂျုံ၊ ကုလားပဲဈေးနှုန်းများ ကျဆင်းလာခြင်းကြောင့် မစိုက်ပျိုးနိုင်တော့ဘဲ မြေများ လှပ်ထားရ




ဂျုံနှင့် ကုလားပဲသီးနှံ ဈေးနှုန်းများ တစ်နှစ်ထက်တစ်နှစ် ကျဆင်းနေသည့်အတွက် မစိုက်ပျိုးတော့ဘဲ လယ်ယာမြေများကို လှပ်ထားရကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ်ရှိ တောင်သူများက ပြောသည်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့နယ်၊ ငါးလုံးတင်ကျေးရွာတွင် မိုးကောင်းသောက်ယာမြေ ဧက ၅၀၀ ကျော်၌ နှစ်စဉ်စိုက်ပျိုးနေကျ ဂျုံ၊ ကုလားပဲစိုက်ပျိုးမြေများကို ပြီးခဲ့သည့်နှစ် မိုးရာသီကတည်းက စိုက်ပျိုးနိုင်ခြင်းမရှိဘဲ မြေလှပ်ထားရကြောင်း တောင်သူဦးနိုင်မိုးဦး

ကပြောသည်။

"ဂျုံစိုက်လို့ ထွန်စရိတ်၊ မျိုးစရိတ်၊ သွင်းအားစု၊လုပ်အားခစရိတ်တွေက တဖြည်းဖြည်း မြင့်တက်လာတယ်။ မိုးကောင်းသောက်ယာမြေတွေမှာက ဂျုံတစ်ဧကမှ ၁၅ တင်းပဲထွက်တယ်။ ကုန်ကျစရိတ်တွေနုတ်လိုက်ရင် တောင်သူက ထပ်ပိုးပြီး စိုက်နေရတယ်။ ဂျုံဈေးက မကောင်းတော့ တစ်ဧက ကျပ်၂၀၀၀၀၊ ၃၀၀၀၀ လောက် အရှုံးပေါ်လာတာ သုံးနှစ်ကျော်လာတော့ ဒီနှစ် မစိုက်ဘဲ မြေလွတ်ထားတယ်။ ကုလားပဲလည်း ၁၀ တင်းလောက်ပဲ ထွက်တယ်။ ကုလားပဲဈေးက ကျပ် ၂၀၀၀၀ ဈေးဆိုရင် ကျပ်နှစ်သိန်းလောက်ပဲရတယ်။ စိုက်ပျိုးစရိတ်က တစ်ဧက ကျပ်နှစ်သိန်းကျော်တယ်"ဟု ၎င်းက ပြောသည်။ ချောင်းဦးဒေသတွင် မိုးကောင်းသောက်ယာမြေများဆိုသော်လည်း ရေရရှိအောင် ရေတွင်းတူး ရေသွင်း စိုက်ပျိုးနိုင်သည့် အခြေအနေရှိသော်လည်း သီးနှံဈေးကွက်မကောင်းခြင်း၊ စိုက်ပျိုးသည့်သီးနှံအတွက် သုံးစွဲရသည့် သွင်းအားစု ဈေးနှုန်းများ မြင့်တက်လာခြင်း၊ လုပ်သားများခေါ်ယူရန် ခက်ခဲလာသလိုလုပ်အားဈေးလည်း မြင့်လာခြင်းတို့ကြောင့် မစိုက်ပျိုးဘဲမြေလွတ်ထားရကြောင်း၊ ဈေးကောင်းသည့်သီးနှံစိုက်ပျိုးရန် မြေအဆင်သင့်ပြုပြင် စောင့်ဆိုင်းနေကြောင်း ငါးလုံးတင် ကျေးရွာက တောင်သူများကပြောသည်။ "ရာသီဥတုနဲ့လည်းဆိုင်တယ်ဆိုပေမယ့် ရေသွင်းစိုက်လို့ရသေးတယ်။ အဓိကကတော့ သီးနှံဈေးကွက်ပဲ။ ထွက်လာတဲ့သီးနှံတွေဈေးနှုန်းက နိမ့်နေတယ်။ အရင်တုန်းက ရာသီဥတုကောင်းရင်၁၅ တင်း၊ တင်း ၂၀ ထွက်တယ်။ ဈေးကွက်ဈေးကောင်းတော့ ကုန်ကျစရိတ်နဲ့ကိုက်သေးတယ်။ အရင်က လုပ်အားခနည်းတယ်။ အခုဆို တစ်မနက်ခင်းခေါ်ရင်တောင် လုပ်အားခ ကျပ် ၅၀၀၀ ပေးရတယ်။ အရင်က ဂျုံတစ်တင်း ကျပ် ၂၀၀၀၀ ဝန်းကျင် ရောင်းရတာ ကနေ အခု ကျပ် ၁၀၀၀၀ ကျော်လေးပဲ ရောင်းရတော့တယ်။

၂၀၁၆ နောက်ပိုင်း တဖြည်းဖြည်း တောင်သူတွေ ကျပ်တည်းလာတယ်။ သွင်းအားစုတွေ၊ လုပ်အားခတွေသာ ဈေးတက်လာတယ်။သီးနှံဈေးက နိမ့်နိမ့်လာတော့ ဂျုံ၊ ကုလားပဲစိုက်ပျိုးမြေတွေလွတ်ထားရတယ်။ တောင်သူက စိုက်ရင်ရှုံးမယ်၊ မစိုက်တော့ မရှုံးတော့ဘူး။ မြေငှားရမ်းလိုက်တာမျိုးလည်း မလုပ်ကြဘူး။ ဈေးကောင်းတဲ့သီးနှံလေးစိုက်ဖို့တော့ မြေကိုတော့ အဆင်သင့်ပြင်ထားတယ်။ဂျုံ၊ ကုလားပဲတော့ မစိုက်ကြတော့ဘူး"ဟု ၎င်းကပြောသည်။ ချောင်းဦးဒေသတွင် ချင်းတွင်းမြစ်ရေဝင်ဒေသများမှအပ ကျန်မြေများမှာ မိုးကောင်းသောက်ယာမြေများသာဖြစ်ပြီး ဂျုံ၊ ကုလားပဲ၊ ပဲစင်းငုံ အဓိကစိုက်ပျိုးကြသည်။ ပြည်တွင်းပဲဈေးကွက်ပျက်ပြီးနောက်ပိုင်း စိုက်ပျိုးသည့်သီးနှံ ဈေးကောင်းမရခြင်းကြောင့် ယာမြေများကို ကြက်မွေးမြူရေး ကုမ္ပဏီများထံ ငှားရမ်းနေရပြီး ဈေးကောင်းနိုင်မည့် သီးနှံကို စိုက်ပျိုးရန် လက်ရှိအချိန်အထိ မြေပြုပြင်ရင်းစောင့်ဆိုင်း နေကြကြောင်းသိရသည်။ ပဲစင်းငုံအပါအဝင် ကုလားပဲများ အိန္ဒိယနိုင်ငံက ဝယ်ယူမှုအကန့်အသတ် ရှိလာသည့် ၂၀၁၇ ခုနှစ် ကတည်းက ၎င်းဒေသရှိ တောင်သူများ အဆင်မပြေစတင်ဖြစ်လာပြီး စိုက်ပျိုးစရိတ်တတ်နိုင်သည့် တောင်သူအချို့က ကွမ်းခြံများ စမ်းသပ်စိုက်ပျိုးနေကြောင်း တောင်သူများကပြောသည်။ မန္တလေးပဲမျိုးစုံရောင်းဝယ်ရေး ဈေးကွက်တွင် မတ် ၁၂ ရက် ဂျုံပေါက်ဈေးမှာ ဂျုံသုံးတင်းဝင်တစ်အိတ်လျှင်ကျပ် ၅၀၀၀၀၊ ကုလားပဲမှာ ကျပ် ၇၅၀၀၀ ဝန်းကျင်သာ ပေါက်ဈေးရှိကြောင်း သိရသည်။

**Source:** http://htwettoe.com/article-details/news/9019450

## မြန်မာ-အိန္ဒိယနယ်စပ် သွားလာမှုပိတ်ထားသည့်အတွက် ကလေးဒေသထွက်ငှက်ပျောများ အရောင်းအဝယ်ရပ်တန့်



COVID-19 ဂယက်ကြောင့် မြန်မာ-အိန္ဒိယနယ်စပ်ကို မတ်လဆန်းမှ စတင်ပိတ်လိုက်သည့်အတွက် ကလေးဒေသမှတင်ပို့ရောင်းချနေသည့် ကလေးဒေသထွက် ငှက်ပျောသီးအရောင်းအဝယ် ရပ်တန့်သွားကြောင်း ကလေးဒေသခံ ငှက်ပျောစိုက်တောင်သူများထံမှသိရသည်။ ကလေးဒေသတွင် အများဆုံးစိုက်ပျိုးသည့် ငှက်ပျောမှာ ဘရာဇီး၊ ခွံစိမ်း၊ သီးမွှေး၊ ဖီးကြမ်းငှက်ပျောမျိုးများဖြစ်ပြီး ချင်းပြည်နယ် မြန်မာ-အိန္ဒိယနယ်စပ် ရိဒ် ဈေးကွက်နှင့် မြန်မာ-အိန္ဒိယနယ်စပ် စစ်ကိုင်းတိုင်းဒေသကြီး တမူးနယ်စပ် ဈေးများသို့ တင်ပို့ရောင်းချကြောင်းသိရသည်။

"ကလေးဒေသထွက် အသီးအနှံကုန်စည်အားလုံး ရိဒ်နယ်စပ်ဈေးကွက်နဲ့ တမူးနယ်စပ်ဈေးကွက်ကို အဓိကထား တင်ပို့ရောင်းချပါတယ်။ အခု COVID-19 ကြောင့် နယ်စပ်ရောင်းဝယ်ရေးတွေ ရပ်ဆိုင်းသွားတယ်ဆိုတော့ ကျွန်တော်တို့ဒေသထွက် ငှက်ပျောဈေးကွက်ပါပျက်သွားတာပါ။ မုံရွာ၊ ပခုက္ကူ ချင်းတွင်းအထက်ပိုင်း ဈေးကွက်တွေကလည်း အနည်းအကျဉ်းလောက်ပဲ ဝယ်ယူမှုရှိတာဆိုတော့ ဒေသတွင်းမှာ ဈေးလျှော့ရောင်းနေရတယ်"ဟု ငှက်ပျောစိုက်တောင်သူ ဦးဖိုးလုံးကပြောသည်။ ကလေးဒေသထွက် ငှက်ပျောကို ကလေးမြို့တောင်ပိုင်း မြစ်သာမြစ်ရိုးတစ်လျှောက်နှင့် ဇင်းကလင်းအစရှိသော ဒေသများတွင် စိုက်ပျိုးမှုများပြားပြီး ငှက်ပျောစိုက်တောင်သူတစ်ဦးလျှင် အနည်းဆုံးဧက ၂၀ မှ ဧက ၅၀ အထိ စိုက်ပျိုးမှုရှိသည်။ ကလေးမြို့ စိုက်ပျိုးရေးဌာနမှ ထုတ်ပြန်သည့်သတင်းများအရ ကလေးမြို့နယ်တွင် ငှက်ပျောစိုက်ဧကထောင်ချီရှိနေကြောင်းသိရသည်။ "ကျွန်တော်တို့ဒေသ ငှက်ပျောစိုက်တောင်သူတွေအနေနဲ့ ဈေးကွက်အပေါ် မူတည်ပြီး စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြ ရတာ ဖြစ်ပါတယ်။ ဟိုးအရင်ကာလတွေတုန်းကတော့ အိန္ဒိယနယ်စပ်တွေက ဖရဲသီးအဆွဲများတော့ ဖရဲသီးစိုက်ကြတယ်။ အခုတော့ ငှက်ပျောအဆွဲများတော့ ငှက်ပျောစိုက်ကြတယ်။ ဒီဘက်မှာ ငှက်ပျောတစ်ဧကစိုက်ပျိုးရင် ကျပ် ၁၆ သိန်း ဝန်းကျင် အကုန်အကျရှိတယ်။ ပြန်ရောင်းချိန်မှာ တစ်ဧကကို ကျပ်သိန်း ၃၀ ဝန်းကျင်ပြန်ရတယ်။ အခုနှစ်ကတော့ အရင်းပြန်ရရင် တော်သေးရဲလို့ အောက်မေ့ရတာပါပဲ"ဟု ဇင်းကလင်းရွာ ငှက်ပျောစိုက် တောင်သူဒေါ်အေးမေကပြောသည်။

ယခုရက်ပိုင်း ကလေးဒေသထွက် ဘရာဇီးငှက်ပျော၊ သီးမွှေးငှက်ပျော၊ ဖီးကြမ်းငှက်ပျောတစ်ဖီးကို ကျပ် ၁၀၀၀ ဝန်းကျင်ဖြင့် ရောင်းချနေပြီး ကလေးမြို့ သစ်သီးရောင်းဝယ်ရေး ကုန်စိမ်းတန်းတွင်လည်းကောင်း၊ ကားဖြင့် လှည့်လည်ရောင်းချနေသည့်ဈေးသည်များထံတွင်လည်းကောင်း၊ ဇင်းကလင်းရွာ၊ ထိုမာရွာ၊ ထောက်ကြန့်ရွာများတွင်လည်းကောင်း ကလေး-ဂန့်ဂေါ-မုံရွာ-မန္တလေး ကားလမ်းနံဘေးတို့တွင်ရောင်းချနေကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/137309.html

## မကွေးတိုင်းအတွင်း နွေနှမ်းစိုက်ဧက ၉၀၀၀၀ ကျော် ရေရရှိရေး နည်းလမ်းငါးသွယ်ဖြင့်စိုက်ပျိုးမည်




မကွေးတိုင်းဒေသကြီးအတွင်း ၂၀၁၉-၂၀၂၀ နွေရာသီကာလတွင် ရေရရှိရေးနည်းလမ်းငါးသွယ်ဖြင့် နွေနှမ်း စိုက်ဧက ၉၀၀၀၀ ကျော် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလင်းမြတ်ထံမှသိရသည်။ ရေရရှိရေး နည်းလမ်းများဖြစ်သော အစိုးရဆည်ရေ၊ လျှပ်စစ်မြစ်ရေတင်၊ ဆည်/ကန်ငယ်ရေ၊ ရေစုပ်စက်၊ မြေအောက်ရေစသည့် နည်းလမ်းငါးသွယ်ဖြင့် စိုက်ပျိုးမည်ဖြစ်ကြောင်းသိရသည်။

"အရင်ကတော့ နွေစပါးကို အဓိကထားစိုက်ပျိုးခဲ့တာ ဖြစ်ပေမယ့် အခုခါမှာ ရေအသုံးပြုမှုနည်းတဲ့သီးနှံနွေနှမ်းကို အစားထိုးစိုက်ပျိုးလာခဲ့ပြီး နွေနှမ်းကို စိုက်ဧကတိုးစိုက်ပျိုးမှာ ဖြစ်ပါတယ်။ ဒ့ါအပြင် လက်ရှိအခြေအနေမှာ နှမ်းသီးနှံဟာ ဈေးကောင်းရနေတဲ့သီးနှံဖြစ်တဲ့အတွက် စိုက်တဲ့တောင်သူတွေ တကယ်အကျိုးရှိမှာဖြစ်ပါတယ်။ အခုနွေရာသီကာလမှာ မကွေးတိုင်းဒေသကြီးအတွင်း နွေနှမ်းသီးနှံကို ၉၅၂၆၇ ဧကလျာထားစိုက်ပျိုးမှာဖြစ်ပါတယ်"ဟု ညွှန်ကြားရေးမှူး ဦးလင်းမြတ်ကပြောသည်။

ယခုနှစ်နွေကာလမှာ နွေနှမ်းသီးနှံကို ရေရရှိရေးနည်းလမ်းငါးသွယ်ဖြင့် စိုက်ပျိုးမည်ဖြစ်ကြောင်း၊ အစိုးရဆည်ရေဖြင့် ၇၈၁၇၈ ဧက၊ လျှပ်စစ်မြစ်ရေတင်ဖြင့် ၂၈၂၆ ဧက၊ ဆည်/ကန်ငယ်ရေဖြင့် ၁၆၇၅ ဧက၊ ရေစုပ်စက်ဖြင့် ၉၁၈ ဧက၊ မြေအောက်ရေဖြင့် ဧက ၁၁၆၇၀ စုစုပေါင်း ၉၅၂၆၇ ဧက လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်းသိရသည်။ မကွေးတိုင်းဒေသကြီးအတွင်း နွေနှမ်းသီးနှံကို မကွေးခရိုင်တွင် ၃၈၃၁ ဧက၊ မင်းဘူးခရိုင်တွင် ၈၄၇၅၃ ဧက၊ ပခုက္ကူခရိုင်တွင် ၆၅၄၄ ဧက၊ သရက်ခရိုင်တွင် ဧက၅၀၊ ဂန့်ဂေါခရိုင်တွင် ၈၉ ဧကစိုက်ပျိုးခဲ့ကြောင်းသိရသည်။ "မင်းဘူး(စကု)မြို့နယ်အတွင်း အခုနှစ်နွေရာသီကာလမှာ နွေနှမ်းသီးနှံကို မဲဇလီဆည်ရေသောက်ဧရိယာ၊ အိုင်းမဆည်ရေသောက်ဧရိယာတွေနဲ့ ဆည်ရေဆိုးထုတ်ကနေကျတဲ့

မယ်သီလာရိုး၊ ရေပုရိုး စတဲ့ရိုးတွေကနေ ရေတင်စိုက်တာတွေ၊ မြေအောက်ရေနဲ့ စိုက်တာတွေနဲ့ဆိုရင် နွေနှမ်းစိုက်ဧကပေါင်း ၂၇၀၃၀ လျာထားစိုက်ပျိုးမှာဖြစ်ပြီး မကွေးတိုင်းဒေသကြီး နွေနှမ်းသီးနှံကို မင်းဘူးခရိုင်မှာ အများဆုံးစိုက်ပျိုးမှာဖြစ်တယ်။ စိုက်ဧက ၈၄၇၅၃ ဧက လျာထားစိုက်ပျိုးမှာဖြစ်တယ်"ဟု မင်းဘူးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးသိန်းနိုင်ဝင်းက ပြောသည်။

**Source:** https://myanmar.mmtimes.com/news/137296.html

## ခရီးသွားဧည့်သည်ဝင်ရောက်မှု ကျဆင်းခဲ့၍ ဟိုတယ်လုပ်ငန်းများ ထိခိုက်မှုကြုံတွေ့နေရဟုဆို



COVID-19 ဝဃက်ကြောင့် ခရီးသွားဧည့်သည်ဝင်ရောက်မှု ကျဆင်းခဲ့သဖြင့် မန္တလေးမြို့ရှိ ဟိုတယ်နှင့်တည်းခိုခန်းများ ထိခိုက်မှုကြုံတွေ့နေရကြောင်း မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များ အသင်း (မန္တလေးဇုန်) ဥက္ကဋ္ဌ ဦးမင်းနိုင်က မတ် ၂၃ ရက်၌ မြန်မာတိုင်းမ်သို့ ပြောသည်။ ခရီးသွားလုပ်ငန်းရှင်တချို့၏သုံးသပ်ချက်အရ နိုင်ငံအသီးသီးတွင် ခရီးသွားဝင်ရောက်မှုများ ကန့်သတ်ခြင်းနှင့် လေကြောင်း လိုင်းတချို့ ယာယီရပ်ဆိုင်းမှုများကြောင့် ခရီးသည်ဝင်ရောက်မှု နည်းပါးခဲ့ခြင်းဖြစ်ကြောင်း ခရီးသွားလုပ်ငန်းရှင်တချို့က သုံးသပ်ကြသည်။

"ဒီအချိန်က ဟိုတယ်မှာ ခရီးသွားတွေ မရှိသလောက်ပဲ။ ကျန်းမာရေး အသိလည်းတောက်လျှောက်ပေးနေပြီး ရောဂါမပြန့်ပွားရေးကို အဓိကလုပ်နေတယ်။ နိုင်ငံခြားသား ဝင်ခွင့်ပိတ်ထား တာနဲ့ ပြည်တွင်းခရီးသွားတွေလည်း ခရီးသွားဖို့ကြောက်နေကြတယ်။ ဧည့်သည်မရှိလို့ တော်တော်ထိခိုက်တယ်။ ထိခိုက်မှု ရာခိုင်နှုန်းကို အတိအကျပြောလို့မရဘူး။ အခုအချိန်မှာ ဧည့်သည်လာဖို့က ၁၀ ရာခိုင်နှုန်းလောက်လာဖို့တောင် မျှော်လင့်တယ်" ဟု ၎င်းက ပြောသည်။ "လက်ရှိမှာ နိုင်ငံတကာမှာလည်း အားလုံးထိခိုက်နေတယ်။ ကာကွယ်ဆေး မတွေ့မချင်း ကန့်သတ်မှုတွေလုပ်ဖို့ လမ်းကြောင်းပဲရှိတယ်။ ပြည်ပခရီးသွားအဝင်က Zero လောက်အထိ ရပ်သွားလိမ့်မယ်။ နိုင်ငံတကာ လေကြောင်းလိုင်းတွေလည်း တဖြည်းဖြည်းရပ်နေတယ်။ ခရီးသွားလုပ်ငန်းတွေသာမက ခရီးသွားလုပ်ငန်းနဲ့ ဆက်စပ် တာတွေလည်းထိခိုက်မှာပဲ"ဟု ခရီးသွားလုပ်ငန်းရှင်များအသင်း (မန္တလေးဇုန်)အတွင်းရေးမှူး ဦးသန့်ဇော်က သုံးသပ်သည်။

ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်နေသည့် ဟိုတယ်၊ တည်းခိုခန်းများသာမက တောင်သမန်ငှက်လှေလုပ်ငန်းများ၊ အင်းဝရှေးဟောင်း နယ်မြေမှ မြင်းလှည်းမောင်းသူများ၊ စားသောက်ဆိုင်လုပ်ငန်းများ၊ အမှတ်တရအရောင်းဆိုင်များစသည်တို့တွင် ထိခိုက်မှု ရှိကြောင်း၊ အလောင်းတော်ကဿပ၊ ကျိုက်ထီးရိုးဘုရားနှင့် သကြၤန်ပွဲများ ဖျက်သိမ်းလိုက်ခြင်းဖြင့် ပြည်တွင်းခရီးသွား လုပ်ငန်းများလည်း ထိခိုက်မှုရှိကြောင်းသိရသည်။ "အခုအချိန်မှာတော့ မဖြစ်မနေ သွားမယ့်သူလောက်ပဲရှိတော့တယ်ဆိုတော့ တည်းခိုခန်းတွေမှာ လူမရှိတော့ဘူး" ဟု ပြည်တွင်းခရီးသွားလုပ်ငန်းတစ်ခုက ပြောသည်။

**Source:** https://myanmar.mmtimes.com/news/137360.html

## ယခုနှစ် ကြက်သွန်နီဈေး ၂၀၁၈ ကာလတူဈေးနှုန်းအောက်ရောက်နေ

၂၀၂၀ မတ်လ ပထမပတ် ကုန်အတွင်း ရန်ကုန် ကုန်စည်ဈေးကွက်အတွင်း မတ်ပဲ RC တစ်တန်ဈေးနှုန်းများ ကျပ် ကိုးသိန်းအောက်သို့ ကျဆင်းလာသည်။ မတ်ပဲအသစ်ထွက်ပေါ်ချိန် ဈေးနှုန်းကျလာ၍ ရန်ကုန်ဈေးကွက်တွင် ယခုရက်ပိုင်း နေ့စဉ် မတ်ပဲ RC ကုန်သေတ္တာ အလုံးရေ ၁၀၀ ကျော်၊ တန်ချိန် ၂၅၀၀ ကျော် အရောင်းအဝယ်ဖြစ်သည်။ ရှမ်းကြက်သွန်ဖြူ အသစ်များ ရန်ကုန်ဈေးကွက်သို့ဝင်ရောက်မှုနှင့်အတူ ဈေးနှုန်းလည်းကျလာသည်။ နယ်စပ်က ဝင်ရောက်လာသော ကြူကုတ်ကြက်သွန်ဖြူသည်လည်း ဈေးနှုန်းကျလာသည်။ ဈေးနှုန်းကျဆင်းမှုရှိနေသော ကြက်သွန်နီမှာ ယခုရက်ပိုင်း ရန်ကုန်ဈေးကွက်သို့ ပိဿာချိန်နှစ်သိန်းကျော် ဝင်ရောက်လာပြီး နယ်နှင့် ရန်ကုန်ဈေးနှုန်းများပါ ကျဆင်းလာသည်။

ပြည်တွင်းမတ်ပဲအသစ် ထွက်ပေါ်ချိန်နှင့်အတူ အိန္ဒိယသို့ တင်သွင်းခွင့်ရထားသော မတ်ပဲတန်ချိန် နှစ်သိန်းခွဲကို အိန္ဒိယဆိပ်ကမ်းများသို့ ၂၀၂၀ မတ်လကုန်အရောက်တင်ပို့ရမည်ဆိုသော စည်းကမ်းချက်အစားအချိန်ကာလတစ်လတိုးကာ ၂၀၂၀ ဧပြီလကုန်အထိတိုးမြှင့်ပေးလာသည်။ သို့သော် ရန်ကုန်ဈေးကွက်အတွင်း မတ်ပဲဈေးနှုန်းများဈေးကျနေဆဲရှိရာ မတ်ပဲစိုက်ပျိုးသူများ ယခုဈေးနှုန်းဖြင့် ရောင်းချရန် ဆုံးဖြတ်ရခက်နေသည်ဟု မတ်ပဲစိုက်သူတစ်ဦးကပြောသည်။ ၂၀၂၀ မတ် ၅ ရက်တွင် ၂၀၁၉ ခုနှစ်ထွက် မတ်ပဲ RC တစ်တန် ကျပ် ၉၀၂၀၀၀ နှုန်းရှိရာက မတ် ၆ ရက်တွင် ကျပ် ၈၅၇၀၀၀၊ မတ်၁၀ ရက်တွင် ကျပ် ၈၃၇၀၀၀၊ မတ် ၁၁ ရက်တွင် ကျပ် ၈၇၈၀၀၀ နှုန်းသာရှိသည်။ မတ် ၅ ရက်တွင် မတ်ပဲ RC ကုန်သေတ္တာ ၁၀၅ လုံး၊ မတ် ၆ ရက်တွင် ၁၃၀၊ မတ် ၁၀ ရက်တွင် ၁၂၀၊ မတ် ၁၁ ရက်တွင် ၁၃၅ လုံးအရောင်းအဝယ် အသီးသီးဖြစ်သည်ဟု သိရသည်။ ၂၀၂၀ မတ် ၄ ရက်တွင် ပြည်ပ ပို့ကုန်ရငွေလဲနှုန်းကျပ် ၁၄၁၀ နှုန်းရှိရာက မတ်၁၀ ရက်တွင် ၁၃၂၅ ကျပ်၊ မတ် ၁၁ ရက်တွင် ကျပ် ၁၃၆၀ နှုန်းရှိသည်။ ငွေလဲနှုန်းနှင့် ရန်ကုန်ပဲဈေးတို့ ကျဆင်းလာ၍ မတ် ၁၁ ရက်တွင် မတ်ပဲ RC တစ်တန် ပြည်ပပို့ FOB ဈေးနှုန်းမှာ (၂၀၂၀ထွက်) ဒေါ်လာ ၆၅၀-၆၇၀၊ SQ-RC ဒေါ်လာ ၇၅၀- ၇၇၀၊ (၂၀၁၉ ထွက်)RC တစ်တန် ဒေါ်လာ ၆၄၀-၆၆၀၊ SQ-RC ဒေါ်လာ ၇၃၀-၇၅၀ နှုန်းသို့ ဈေးနှုန်းကျဆင်းလာသည်။

ပဲစင်းငုံ (နီ) RC တစ်တန်ဈေးနှုန်းမှာ မတ် ၃ ရက်နှင့် မတ် ၁၁ ရက်တို့တွင် ကျပ်ခုနစ်သိန်းနှုန်းရှိပြီး ပြည်ပပို့ FOB ပဲတစ်တန်ဈေးနှုန်းမှာ ၂၀၂၀ ထွက် ပဲစင်းငုံ RCဒေါ်လာ ၅၁၀-၅၃၀၊ ၂၀၁၉ ထွက် ဒေါ်လာ ၅၀၀-၅၂၀ နှုန်းဖြင့် ဈေးနှုန်းအပြောင်းအလဲမရှိဟု သိရသည်။ ရန်ကုန်ဈေးကွက်သို့ ရှမ်းအောင်ပန်းနယ်ထွက် ကြက်သွန်ဖြူအသစ် ဝင်ရောက်လာရာ လက်ကား တစ်ပိဿာ ကျပ် ၂၀၀၀ မှ ၂၇၀၀ နှုန်း မတ် ၁၁ ရက်တွင်ဈေးနှုန်းရှိသည်။ ယခုနှစ် အသစ်ဝင်ရောက်လာသော ရှမ်းကြက်သွန်ဖြူအသစ်များသည် ယခင်နှစ်များထက်ခြောက်အားပိုသည်။အခွံအဖြူမဖြစ်သေးသော်လည်း အစိုဓာတ်မရှိတော့၍ ဈေးကွက်တွင် ဝယ်ယူသူများသည်။ ယခင်ရက် ရှမ်းကြက်သွန်ဖြူအဟောင်းထက်ဈေးနှုန်းကျဆင်းမှုများသည်။ ရှမ်းကြက်သွန်ဖြူအလုံးကြီးများသည် ကျပ် ၃၀၀၀ အထက်တွင်ရှိခဲ့သည်။ ပခုက္ကူနယ်ထွက် ဗမာကြက်သွန်ဖြူအသစ်များသည်လည်း ရန်ကုန်ဈေးကွက်သို့ ဝင်ရောက်လာနေဆဲရှိသည်။ လက်ကားတစ်ပိဿာဈေးနှုန်းမှာ ကျပ်၁၅၀၀-၂၃၀၀-၂၇၀၀ ဖြစ်ပြီး ထူး-၅ အရွယ်အစား မပါဟုသိရသည်။ ဗမာကြက်သွန်ဖြူသည် ရှမ်းကြက်သွန်ဖြူထက် အမွှာပိုသေးသည်။ ပခုက္ကူတွင် ကြက်သွန်ဖြူဈေးနှုန်းမှာ တစ်ပိဿာ ကျပ် ၁၃၀၀ မှ ၂၇၀၀ အတွင်းရှိသည်ဟုသိရသည်။

ပြည်တွင်းဈေးကွက်တွင် ဆန်၊ ပဲကဲ့သို့ ဈေးနှုန်းအတက်အကျနှင့် ရောင်းဝယ်သူများသာမက စိုက်ပျိုးသူများပါ အလေးထား စိတ်ဝင်စားနေသည့်ကုန်စည်မှာ ကြက်သွန်နီဖြစ်သည်။ ယခုတစ်ပတ်အတွင်း ရန်ကုန်ဈေးကွက်သာမက နယ်ဈေးကွက်တွင်ပါ ကြက်သွန်နီအဝင်များပြီး ဈေးနှုန်းများကျဆင်းနေသည်။ ပခုက္ကူကြက်သွန်နီဈေးကွက်တွင် မတ် ၇ ရက်တွင် ကြက်သွန်နီပိဿာချိန် ၁၃၀၀၀၀ ဝန်းကျင်၊ အမြင့်ဆုံးတစ်ပိဿာဈေး ကျပ် ၇၅၀၊ မတ် ၉ ရက်တွင် ပိဿာချိန်နှစ်သိန်းခန့်၊ အမြင့်ဆုံးတစ်ပိဿာ ၇၂၅ ကျပ်၊ မတ် ၁၀ ရက်တွင် ကုန်ဝင်ပိဿာချိန် ၁၄၀၀၀၀ ခန့်၊ အမြင့်ဆုံးဈေး တစ်ပိဿာ ကျပ် ၇၀၀၊ မတ် ၁၁ ရက်တွင် ကုန်ဝင်ပိဿာချိန် ၁၃၀၀၀၀ ခန့်၊ အမြင့်ဆုံးဈေးတစ်ပိဿာ၆၇၅ ကျပ်သာရှိသည်ဟု ယခင်နယ်ဈေးကွက်သတင်းများအရသိရသည်။ ရန်ကုန်ဈေးကွက်သို့လည်း မတ် ၁၀ ရက်တွင်ကြက်သွန်နီပိဿာချိန် ၂၅၂၀၀၀၊ မတ် ၁၁ ရက်တွင် ပိဿာချိန် ၂၄၀၀၀၀ ဝင်ရောက်လာသည်။ မတ် ၁၁ရက်တွင်ဆိပ်ဖြူကြက်သွန်နီလက်ကားတစ်ပိဿာကျပ် ၆၅၀ မှ ၇၅၀၊ ပခုက္ကူ ကျပ် ၆၀၀ မှ ၇၅၀၊ မြစ်သားကျပ်၇၅၀ မှ ၁၄၀၀၀ နှုန်းသာရှိသည်ဟု ရန်ကုန်ဈေးကွက်ကသိရသည်။ မတ် ၁၁ ရက်တွင် မြစ်သားတံဆိပ်တစ်မျိုးတွင် ကျပ် ၇၅၀ မှ၈၀၀ နှုန်းဖြင့်ရောင်းသော်လည်း ညနေပိုင်းတွင် ကျပ် ၇၀၀ မှ ၉၀၀ နှုန်းဖြင့် ရောင်းချသည်ကို မြင်တွေ့ရသည်။

မြစ်သား RC အလုံးသေးများမှာ မုန့်ဟင်းခါး၊ ခေါက်ဆွဲဆိုင်များအပြင်နယ်စပ်မြဝတီဘက်ပို့ရန် ဝယ်လိုအားများသည်ဟု သိရသည်။ မတ် ၁၂ ရက်ပခုက္ကူကြက်သွန်နီဈေးကွက်သို့ကြက်သွန်နီပိဿာချိန် ၁၂၀၀၀၀ ဝန်းကျင်ဝင်ရောက်ပြီး အမြင့်ဆုံးတစ်ပိဿာဈေးနှုန်းမှာ ကျပ် ၆၀၀သာရှိသည်။ ရန်ကုန်ဈေးကွက်တွင်လည်း ဆိပ်ဖြူလက်ကားတစ်ပိဿာ ကျပ် ၆၀၀ မှ ၇၅၀ နှုန်း၊ မြစ်သား ကျပ် ၇၅၀မှ ၉၅၀ နှုန်းသာရှိသည်။ ဆိပ်ဖြူမှာ ကြက်သွန်နီကိုမှုတည်၍ တစ်ပိဿာ ကျပ် ၅၀ ဈေးလျှော့ရောင်းချမှုရှိသည်။ ၂၀၁၉ ကာလတူ မတ် ၁၂ ရက်တွင်ဆိပ်ဖြူလက်ကားတစ်ပိဿာ ကျပ် ၃၅၀ မှ ၅၇၅ ကျပ်၊ မြစ်သား ကျပ်၇၅၀ မှ ၉၅၀ နှုန်းရှိပြီး ၂၀၁၈ မတ် ၁၂ ရက်တွင်မူကျပ် ၆၀၀မှ ၉၀၀၊ မြစ်သား ကျပ် ၁၀၅၀ မှ ၁၃၅၀ နှုန်းရှိခဲ့သည်။

**Source: မြန်မာတောင်သူကြီးများ ဂျာနယ်**

https://www.facebook.com/sitepyo/posts/2590823101202687?__tn__=K-R

## ရန်ကုန်မြို့မှာ အဆင့်မြှင့်တင်ဦးမယ့် ဈေးတွေ

ရန်ကုန်မြို့နေ ပြည်သူတွေအတွက် နေ့စဉ်လူမှုဘဝရှင်သန်မှုမှာ မရှိမဖြစ်လိုအပ်နေတဲ့အရာတွေထဲမှာ ဈေးတွေလည်း ပါဝင်နေပါတယ်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေနဲ့ ဈေးတွေကို စနစ်တကျနဲ့ဖွင့်လှစ်ရောင်းချနိုင်ရေး၊ ဈေးဝယ်သူတွေ အဆင်ပြေရေးတို့အတွက် တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးနေပါတယ်။ အခုလည်း ရန်ကုန်မြို့ရဲ့ ဈေးရှစ်ဈေးကို အဆင့်မြှင့်တင်မှုတွေ ဆောင်ရွက်သွားမယ်လို့သိရပါတယ်။"အဲဒီဈေးရှစ်ဈေးကို ပုဂ္ဂလိကစီမံခန့်ခွဲခွင့် (Market Operator) စနစ်နဲ့ အဆင့်မြှင့်တင် သွားမှာဖြစ်ပြီး သက်ဆိုင်ရာကုမ္ပဏီရဲ့ စီမံခန့်ခွဲ မှုနဲ့ ဈေးစည်ကားအောင် အပြည့်အဝ တာဝန်ယူဆောင်ရွက်ရမှာဖြစ်သလို စည်ပင်က လိုအပ် တဲ့ကြီးကြပ်မှုတွေသာ လုပ်ဆောင်သွားမယ်" လို့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးသန်းကပြောပါတယ်။ရန်ကုန်မြို့မှာ အဆင့်မြှင့်တင်မယ့် ဈေးရှစ်ဈေး ကတော့ ပန်းဘဲတန်းမြို့နယ်မှာရှိတဲ့ ဗိုလ်ချုပ်အောင်ဆန်းဈေး၊ ဗိုလ်ချုပ်ဈေးသစ်၊ သဃ်န်းကျွန်းမြို့နယ်မှာရှိတဲ့ ငမိုးရိပ်စံပြဈေး၊ တောင်ဥက္ကလာပမြို့နယ်မှာရှိတဲ့ သီရိမြင်သာဈေး၊ ဒဂုံမြို့နယ်တောင်ပိုင်းမှာရှိတဲ့ ကေတုမတီဈေး၊ လှိုင်မြို့နယ်မှာရှိတဲ့ လှိုင်ဈေးကြီးနဲ့ လှိုင်ရတနာဈေး၊ ရွှေပြည်သာမြို့နယ်မှာရှိတဲ့ သီရိမင်္ဂလာဈေးတို့ပဲဖြစ်တယ်လို့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ထုတ်ပြန်ထားပါတယ်။ အဆိုပြုလွှာတွေ လျှောက်ထားအဲဒီဈေးတွေကို အဆင့်မြှင့်တင်ဆောင်ရွက်လိုတဲ့ ပြည်တွင်း ပြည်ပ ဖက်စပ်ကုမ္ပဏီတွေအနေနဲ့ ၂၀၂၀ ပြည့်နှစ် ဧပြီ ၂၁ ရက်မှစတင်ပြီး အဆိုပြုလွှာတွေ လျှောက်ထားလို့ ရတယ်လို့ ဆိုပါတယ်။

ရန်ကုန်မြို့မှာရှိတဲ့ ဈေးတွေကို အဆင့် မြှင့်တင်ဆောင်ရွက်တဲ့အခါ ပိုမိုစနစ်ကျစေဖို့၊ ဈေးတွေ စည်းကမ်းတကျနဲ့ စည်ကားဖွံ့ဖြိုး စေဖို့၊ ရောင်းသူဝယ်သူအဆင်ပြေစေဖို့၊ ဈေးအင်္ဂါရပ်ရော၊ ဥပဓိရုပ်ရော အဆင့်မီနေ စေဖို့ ပုဂ္ဂလိကနဲ့ အစိုးရတို့ အကျိုးတူပူးပေါင်း ဆောင်ရွက်ကာ အဆင့်မြှင့်တင်သွားဖို့ စီစဉ်နေတာဖြစ်ပါတယ်။ စည်းကမ်းစနစ်ကျအောင် လုပ်ကိုင်ဆောင်ရွက်တဲ့အခါ နိုင်ငံတကာမှာရှိတဲ့ Wholesale ဈေးရုံကြီးတွေလို အဆင့်မီ အောင် လုပ်ကိုင်သွားဖို့ရှိပြီး ဆိုင်ခန်း၊ လူသွား လမ်း၊ ပစ္စည်းခင်းကျင်းမှု၊ ပစ္စည်းသိုလှောင်မှု၊ ရောင်းဝယ်ဖောက်ကားမှုစတဲ့ အရာတွေအားလုံး စည်းကမ်းစနစ်ကျအောင် လုပ်ကိုင် နိုင်ဖို့ Market Operator System နဲ့ အကောင်အထည်ဖော်နိုင်ရေး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ ဈေး ပေါင်း ၁၇၈ ဈေးရှိနေပြီး အဲဒီဈေးတွေထဲက စိစစ်ပြီး စနစ်တကျနဲ့ အဆင့်မြှင့်တင်မှုတွေ ပြုလုပ်သွားမှာဖြစ်ပါတယ်။ အချို့ဈေးတွေကို PPP စနစ်နဲ့ အဆင့်မြှင့်တင်သွားမှာဖြစ်သလို အချို့ဈေးတွေကို Market Operator System နဲ့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ရန်ကုန်မြို့မှာရှိတဲ့ ဈေးပေါင်း ၂၅ ဈေးကို အဆင့်လေးဆင့်နဲ့သတ်မှတ်ထားပြီး (က) အဆင့်၊ (ခ) အဆင့်၊ (ဂ) အဆင့်နဲ့ (ဃ) အဆင့်ဈေးတွေဖြစ်ပါတယ်။ (က)အဆင့်ဈေးတွေကတော့ ဗိုလ်ချုပ်အောင်ဆန်းဈေး၊ သိမ်ကြီးဈေး (က+ခ) ရုံ၊ သိမ်ကြီးဈေး (ဂ) (ဃ) (င)၊ သံဈေး၊ ညောင်ပင်လေးဈေး၊ ဗဟိုစံပြငါးဈေးကြီး၊ မြေနီကုန်းဈေး၊ မင်္ဂလာဈေး၊ ပုဇွန်တောင်ဈေး၊ ၃၈ လမ်း ပလာဇာဈေး၊ လှည်းတန်းဈေး၊ သီရိမင်္ဂလာဈေး၊ ရွှေပိတောက်ငါးဈေး၊ ဘုရင့်နောင်ဈေး၊ အင်းစိန်ဈေးစတဲ့ ဈေးပေါင်း ၂၅ ဈေးရှိပါတယ်။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးလက်အောက်မှာရှိတဲ့ (ခ)အဆင့်ရှိတဲ့ ဈေးတွေကတော့ တောင်ဥက္ကလာပ မြို့နယ်မှာရှိတဲ့ ပဒေသာဈေး၊ နန္ဒဝန်ဈေး၊ ပတ္တမြားဈေး၊ မြင်သာဈေး၊ မြောက်ဥက္ကလာပမြို့နယ်မှာရှိတဲ့ ရတနာသိင်္ဂီဈေးစတဲ့ ဈေးပေါင်း ၅၀ ခန့် ရှိပါတယ်။ ဒါ့အပြင် (ဂ)အဆင့်ဈေးတွေဖြစ်တဲ့ ဝေဘာဂီဈေး၊ ကျောက်ရေတွင်းဈေး၊ မေဓာဝီဈေး၊ ရွှေပေါက်ကံဈေးစတဲ့ ဈေးပေါင်း ၆၄ ဈေးရှိနေသလို (ဃ)အဆင့်ဈေးတွေကလည်း ၃၉ ဈေးခန့်ရှိနေပါတယ်။ "ရန်ကုန်မြို့မှာရှိတဲ့ဈေးတွေကို အဆင့်မြှင့်တင်ဖို့ ဆောင်ရွက်သွားမှာဖြစ်ပြီး သန့်ရှင်း သပ်ရပ်တဲ့ ဈေးတွေဖြစ်အောင်၊ စည်းကမ်း စနစ်ကျအောင် အကောင်အထည်ဖော်သွားမှာဖြစ်ပါတယ်" လို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောပါတယ်။ ရန်ကုန် မြို့မှာရှိတဲ့ ဈေးတွေအတော်များများဟာ လမ်းဧရိယာအထိ ပစ္စည်းတွေ ခင်းကျင်း ရောင်းချတာတွေ၊ ပစ္စည်းတွေ စုပုံထားတာတွေ ရှိနေပါတယ်။

ဒါ့အပြင် ဈေးရုံအတွင်းမှာ သန့်ရှင်းမှု အားနည်းသလို အနံ့အသက်များ မကောင်း တာမို့ ဈေးဝယ်ပြည်သူတွေဟာ ဈေးတွေရဲ့ အပြင်ဘက် လမ်းတွေပေါ်မှာ ရောင်းချနေတဲ့ ပစ္စည်းတွေကိုပဲ ဝယ်ယူနေကြတာတွေ ဖြစ်နေ ပါတယ်။ သန့်ရှင်းလတ်ဆတ်တဲ့ အစား အသောက်တွေကို ရောင်းချ၊ ဝယ်ယူတဲ့ အဆင့် အတန်းရှိတဲ့ ဈေးတွေအဖြစ် အဆင့်မြှင့်တင် ရန်

လိုအပ်နေပါတယ်။ ရန်ကုန်မြို့မှာရှိတဲ့ ဈေးအများစုကို ဆောက်လုပ်ပြီးလို့ စည်ပင်သာယာရေး ကော်မတီက ဈေးကောက်ခြင်း၊ ဈေးတာဝန်ခံ ရုံးများထားရှိပြီး ကြီးကြပ်မှုတွေရှိနေပေမယ့် ပိုမိုထိထိရောက်ရောက်နဲ့ ဈေးတွေဖွံ့ဖြိုးရေးအတွက် တာဝန်ယူဆောင်ရွက်မယ့် ကုမ္ပဏီမရှိကြောင်းသိရပါတယ်။ ဒီလိုအခြေအနေတွေ ကြောင့် ဈေးတွေကို စနစ်တကျတည်ဆောက်ခဲ့ပေမယ့် ဆက်လက်ဖွံ့ဖြိုးတိုးတက်မှုမရှိလာဘဲ အဆင့်အတန်းကျဆင်းလာတယ်လို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောပါတယ်။

ဒါကြောင့်လည်း ဈေးပေါင်း ၂၁ ဈေးကို PPP စနစ်နဲ့ ဆောင်ရွက်ပြီး ဈေး ၁၀ ဈေးကို ဈေးအော်ပရေတာစနစ်နဲ့ စီမံခန့်ခွဲမှုအပိုင်းကို ပေးသွားမှာဖြစ်ပါတယ်။ ဈေးတွေအဆင့်မြှင့်တဲ့အခါ နိုင်ငံတော်ဘတ်ဂျက်မပါအောင် စီစဉ် ဆောင်ရွက်သွားမှာဖြစ်တယ်လို့ တွဲဖက်အတွင်းရေးမှူး ဦးသန်းကပြောထားပါတယ်။ ဈေးတွေကို အဆင့်မြှင့်တင်ရခြင်းကတော့ ဈေးပုံစံတွေ အဆင့်မြင့်လာအောင်၊ ဈေးဝယ်သူတွေ မိမိလိုချင်တဲ့ပစ္စည်းကို လိုချင်တဲ့နေရာမှာ အလွယ်တကူဝယ်ယူနိုင်အောင် နဲ့ ဈေးအနီးလမ်းဘေးဈေးသည်တွေ ပျောက်ကွယ်သွားအောင် ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ဒီလိုဈေးတွေအဆင့်မြှင့်တင်မှုဟာ ရန်ကုန်မြို့ပြ ဖွံ့ဖြိုးတိုးတက်မှုကို အားဖြည့်ပေးရာရောက်တဲ့အပြင် ဈေးဝယ်ပြည်သူတွေ၊ ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်တွေ၊ လေ့လာသူတွေအတွက် ပိုမိုအဆင်ပြေစေမှာဖြစ်ပါတယ်။ ။

**Source:** https://www.facebook.com/MYANMAALINNNEWS/posts/2532241143683045?__tn__=K-R

## ဆန်ဈေးမတက်ဖို့နဲ့ ဘဏ်လုပ်ငန်းများ နေ့စဉ်လည်ပတ်နိုင်ရေး စီစဉ်ထားကြောင်း တာဝန်ရှိသူတွေပြော

ပြည်တွင်း ဈေးကွက်မှာ လက်ကျန်ဆန်စပါး လုံလုံလောက်လောက်ရှိနေပြီး လုပ်ငန်းရှင်တွေအနေနဲ့ ဆန်ကို ပစ္စည်းမှန်၊ ဈေးမှန်နဲ့ ရောင်းချသွားမယ်လို့ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်က မနေ့က ရက်စွဲနဲ့ ကြေညာချက် ထုတ်ပြန်ပြောလိုက်ပါတယ်။ ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားနေချိန်မှာ အစိုးရ၊ NGO၊ INGO အဖွဲ့တွေနဲ့ ပူးပေါင်းပြီး လိုအပ်တဲ့ကိစ္စတွေ ကို တာဝန်ယူဆောင်ရွက်နိုင်ရေးအတွက်လည်း အထူးလုပ်ငန်းအဖွဲ့ကို မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်က ဖွဲ့စည်းထားတယ်လို့ ပြောထားပါတယ်။

မတ်လ ၂၄ ရက်နေ့ မနေ့ညက နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ပြောတဲ့မိန့်ခွန်းမှာ ရိက္ခာပြတ်နိုင်တဲ့အလားအလာမရှိကြောင်း၊ လူအုပ်ထဲတိုးပြီး ရိက္ခာနဲ့ဆေးတွေ အလုအယက်ဝယ်ယူနေကြတာဟာ ပိုပြီး ရောဂါကူးစက်နိုင်ခြေရှိတယ်လို့ အသိပေးထားပါတယ်။ အစိုးရအနေနဲ့ ဝန်ဆောင်မှုလုပ်ငန်းတွေ၊ ဈေးတွေနဲ့ အရောင်းအဝယ်စင်တာတွေကို ပိတ်ဖို့မရှိကြောင်းနဲ့ ဈေးဝယ်တဲ့အခါမှာ မိသားစုအတွက် လိုအပ်တဲ့ပမာဏကို တစ်ဦးကတာဝန်ယူပြီး ဝယ်ဖို့ကိုလည်း အတိုင်ပင်ခံပုဂ္ဂိုလ်ကပြောပါတယ်။ ကိုရိုနာဗိုင်းရပ်စ်ပိုး စတင်တွေ့ရှိတယ်လို့ အစိုးရကကြေညာပြီးနောက် မတ်လ ၂၄ ရက်နေ့ကစပြီး ဘဏ်တွေမှာ ငွေကြေးလာရောက်ထုတ်ယူမှုတွေများတယ်လို့ ဗဟိုဘဏ်ကကြေညာပါတယ်။

ဗဟိုဘဏ်အနေနဲ့ ဘယ်လိုအခြေအနေမျိုးမှာမဆို ဘဏ်လုပ်ငန်းတွေ ဆောင်ရွက်နိုင်ဖို့ စီစဉ်ထားပြီး မတ်လ ၁၃ ရက်နေ့ထဲက ဘဏ်အားလုံးကိုလည်း ရုံးဖွင့်ရက်အတိုင်း ဘဏ်ကိုလည်ပတ်နိုင်ရေး ညွှန်ကြားထားပြီးဖြစ်တာကြောင့် ငွေထုတ်ပေးခြင်းနဲ့ တခြားဝန်ဆောင်မှုလုပ်ငန်းတွေကို ဘဏ်အားလုံးက နေ့စဉ်ဆောင်ရွက်ပေးမှာဖြစ်တယ်လို့ ဗဟိုဘဏ်က အသိပေးထားပါတယ်။

**Source:** https://www.facebook.com/rfaburmese/

## မဟာအောင်မြေ ကျောက်မျက်ရတနာ ရောင်းဝယ်ရေးစခန်း ယာယီပိတ်ထား

မန္တလေး၊ မဟာအောင်မြေမြို့နယ် ကျောက်မျက်ရတနာ ရောင်းဝယ်ရေးစခန်းကို မတ်လ(၂၄)ရက် မနက်ပိုင်းက စတင်ပြီး ယာယီပိတ်ထားလိုက်တယ်လို့ ကျောက်မျက်ရတနာ ရောင်းဝယ်ရေးစခန်း အကျိုးတော်ဆောင်ကော်မတီက သိရပါတယ်။ ကျောက်မျက်ရတနာရောင်းဝယ်ရေးစခန်းပိတ်လိုက်တဲ့ သဘောမဟုတ်ဘဲ လူစုလူဝေးမဖြစ်အောင် ဆောင်ရွက်တာဖြစ်ပြီး ကျန်းမာရေးဝန်ကြီးဌာနက ညွှန်ကြားထားတဲ့အတိုင်း ဆောင်ရွက်သွားမှာဖြစ်တယ်လို့ မဟာအောင်မြေ ကျောက်မျက်ရတနာ ရောင်းဝယ်ရေးစခန်း အကျိုးဆောင်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်ဦးက ပြောပါတယ်။

မဟာအောင်မြေ ကျောက်မျက်ရတနာ ရောင်းဝယ်ရေးစခန်းဟာ ပြည်တွင်းကျောက်မျက် ဈေးကွက်ကြီးတစ်ခုဖြစ်ပြီး ပြည်တွင်း၊ ပြည်ပ ရောင်းဝယ်လုပ်ကိုင်သူတွေနဲ့ စည်ကားနေတာပါ။ ကျောက်မျက်ရတနာ ရောင်းဝယ်ရေးစခန်းကို နေ့စဉ် အဝင် အထွက်နေတဲ့ ရောင်းအဝယ်လုပ်ကိုင်သူ တစ်သိန်းကျော်ရှိတယ်လို့သိရပြီး အခြေခံအသေးစား ကျောက်မျက်လုပ်ငန်း လုပ်ကိုင်သူကတော့ သောင်းချီရှိနေတာ ဖြစ်ပါတယ်။ အခုလို ကျောက်ဝိုင်းယာယီပတ်လိုက်တာဟာ လုပ်သင့်လုပ်ထိုက်တာကို လုပ်လိုက်တာလို့ ထင်မြင်မိတယ်လို့ ကျောက်အရောင်းဝယ်လုပ်ကိုင်သူ ဦးငယ်ကပြောပါတယ်။ “ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူတွေရှိလာပြီဆိုတော့ ဒီလိုလုပ်လိုက်တာကောင်းပါတယ်။”လို့ ဦးငယ်ကပြောပါတယ်။

မြန်မာနိုင်ငံမှာ လတ်တလောဖြစ်ပွားနေတဲ့ COVID-19 နဲ့ပတ်သက်လို့ မန္တလေးမှာ အစားအသောက်တွေ အခက်အခဲရှိလာရင်လည်း မန္တလေးကျောက်မျက်လုပ်ငန်းရှင်များအသင်းက ဆန်၊ဆီ၊ဆားစတဲ့ စားသောက်ကုန်တွေကို သက်သာတဲ့ ဈေးနှုန်းတွေနဲ့ ရောင်းချပေးဖို့ အစီအစဉ်ရှိတယ်လို့သိရပါတယ်။ လက်ရှိ Covid-19 ဖြစ်ပွားအခြေအနေအရ ကျောက်မျက်ရောင်းဝယ်ရေးစခန်းကို ယာယီပိတ်ထားပြီး စခန်းအတွင်းထားရှိတဲ့ပစ္စည်းတွေကို လာရောက်ယူဆောင်ဖို့ကိုတော့ မတ်လ(၂၄)ရက် နေ့လယ်ပိုင်းအထိ ခွင့်ပြုခဲ့တယ်လို့သိရပါတယ်။

**Source:** https://www.facebook.com/onenewsmyan/

## ကိုရိုနာဗိုင်းရပ်စ်ပြဿနာကို ကိုင်တွယ်ဖြေရှင်းရန် အီးယူ၏ ဘတ်ဂျတ်အစီအမံကို ဥရောပကော်မရှင် အပြောင်းအလဲပြုလုပ်မည်

ကိုရိုနာဗိုင်းရပ်စ်အကျပ်အတည်းကို ဖြေရှင်းနိုင်ရေးအတွက် အီးယူ၏ ၂၀၂၁-၂၀၂၇ အတွက် ဘတ်ဂျတ်ဆိုင်ရာ အစီအမံတွင် အပြောင်းအလဲပြုလုပ်ရေးကို ဥရောပကော်မရှင်က အဆိုပြုသွားမည် ဖြစ်သည်ဟု ဥရောပကော်မရှင်ဥက္ကဋ္ဌ Ursula von der Leyen ကပြောကြားခဲ့ကြောင်း၊ ဥရောပကော်မရှင်အနေဖြင့် စီးပွားရေးပြန်လည်နိုးထလာစေရေးအတွက် Multiannual Financial Framework (MFF) တွင် ကိုရိုနာဗိုင်းရပ်စ်အကျပ်အတည်း၏ ဆိုးကျိုးသက်ရောက်မှုများကို ဖြေရှင်း ဆောင်ရွက်နိုင်မည့်အဆိုပြုချက်များကို ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ယင်းတွင် ဥရောပသမဂ္ဂအတွင်း စည်းလုံးညီညွတ်မှုနှင့် တာဝန်ရှိမှုတို့မှတစ်ဆင့် ပေါင်းစည်းမှုကိုသေချာစေမည့် စီးပွားရေးလှုံ့ဆော်မှုအစီအစဉ်များလည်းပါဝင်မည်ဖြစ်သည်ဟု ၎င်းက ဆက်လက် ပြောကြားခဲ့ကြောင်းသိရှိရပါသည်။

ဥရောပကော်မရှင်အနေဖြင့် ၂၀၁၈ ခုနှစ်၊ မေလတွင် ကာလရှည်ဘတ်ဂျတ်အတွက် အဆိုပြု ချက်ကိုတင်ပြခဲ့ကြောင်း၊ ယခုနှစ်အစောပိုင်းက ဥရောပကောင်စီဥက္ကဋ္ဌ Charles Michel က အီးယူ ဘတ်ဂျတ်အတွက် အစီအမံကို အဆိုပြုတင်သွင်းခဲ့ပြီး၊ အီးယူခေါင်းဆောင်များအနေဖြင့် ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်းက ယင်းအဆိုပြုချက်အပေါ် ဆွေးနွေးခဲ့သော်လည်း သဘောတူညီမှု မရရှိခဲ့ကြောင်း၊ ဥရောပကော်မရှင်အနေဖြင့် ကိုရိုနာဗိုင်းရပ်စ်အကျပ်အတည်း၏ စီးပွားရေးသက်ရောက်မှုများနှင့်စပ်လျဉ်း၍ ယူရိုဇုန်၊ ဘဏ္ဍာရေးဝန်ကြီးများ၏ Eurogroup ဆွေးနွေးပွဲများတွင် ပါဝင် ဆောင်ရွက်သွားမည်ဖြစ်ပြီး၊ တပြိုင်နက်တည်းမှာပင် အီးယူ၏ Structural funds ကဲ့သို့သော လက်ရှိရန်ပုံငွေများ၏ အပြည့်အဝပြောင်းလွယ် ပြင်လွယ်ဖြစ်စေရေးကို ဆောင်ရွက်လျက်ရှိကြောင်း ဥရောပကော်မရှင်ဥက္ကဋ္ဌက ပြောကြား ထားကြောင်း ၂၈-၃-၂၀၂၀ နေ့တွင် Politico ၏ သတင်းဖော်ပြချက်အရ သိရှိရပါသည်။

**Source: Politico**

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဘရပ်ဆဲလ်**

## အိန္ဒိယနိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု တားဆီးကာကွယ်ရေး အရှိန်မြှင့်တင်ခြင်း

အိန္ဒိယနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ လူဦးရေ ၅၀၀ ကျော်သို့ရောက်ရှိလာခဲ့ သည့်နောက် အိန္ဒိယနိုင်ငံအစိုးရ၊ ပြည်ထဲရေးဝန်ကြီးဌာနသည် COVID-19 ရောဂါပိုးကူးစက်မှုအား ထိရောက်စွာတားဆီးကာကွယ်နိုင်ရန်အတွက် အမိန့်ကြော်ငြာစာ အမှတ် No. 40-3/2020-DM-I(A) ကို နောက်ဆက်တွဲ လမ်းညွှန်ချက် ၁၈ ချက်နှင့်အတူ ၂၄.၃.၂၀၂၀ နေ့တွင် ထုတ်ပြန်လျက် နိုင်ငံတစ်ဝန်းလုံး၌ ဆက်သွယ်သွားလာမှုများအား ၂၅.၃.၂၀၂၀ နေ့မှစ၍ ၂၁ ရက်ကြာ ကာလအထိ ကန့်သတ်

တားမြစ်လိုက်ပါသည်။ အဆိုပါအမိန့်အရ ကန့်သတ်တားမြစ်ကာလအတွင်း အစိုးရဝန်ကြီးဌာနများ၊ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ အစိုးရအာဏာပိုင်အဖွဲ့အစည်းများရှိ အရေးကြီးသည့်လုပ်ငန်းဌာနများမှအပ ကျန်ရှိသည့် အစိုးရဌာနများ၊ အလုပ်ရုံများ၊ ကျောင်းများ၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ၊ စက်မှုလုပ်ငန်းတည်ထောင်မှုများနှင့် အများပြည်သူဆိုင်ရာ ဘာသာရေးဝတ်ပြုမှုနေရာများကိုပိတ်ထားမည်ဖြစ်ပြီး နိုင်ငံအတွင်း ကုန်း၊ ရေ၊ လေ ဆက်သွယ်သွားလာမှုများအားလုံးကို ကန့်သတ်ဆိုင်းငံ့ထားမည်ဖြစ်သည်။ သို့ရာတွင် ကျန်းမာရေးဝန်ဆောင်မှု၊ အခြေခံစားသောက်ကုန်ဆိုင်ရာဝန်ဆောင်မှုနှင့် အခြားလိုအပ်သည့် အရေးကြီးဝန်ဆောင်မှုလုပ်ငန်းများကို စည်းကမ်းသတ်မှတ်ချက်များဖြင့် လုပ်ဆောင်ခွင့်ပြု ထားမည်ဖြစ်သည်။

ဗဟိုအစိုးရအဆင့်၌ ကာကွယ်ရေး၊ ရဲတပ်ဖွဲ့၊ ငွေတိုက်ဌာန၊ ရေနံနှင့်ဓါတ်ငွေ့ဖြန့်ဖြူးမှု အပါအဝင် ပြည်သူ့အသုံးဝန်ဆောင်မှုလုပ်ငန်းများ၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ လျှပ်စစ်ဓါတ်အားထုတ်လုပ်ဖြန့်ဖြူးရေး၊ စာတိုက်လုပ်ငန်းနှင့် သတင်းအချက်အလက်ပြန်ကြားရေး စသည့်လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ရန် ကင်းလွတ်ခွင့်ပြုထားသည်။ ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေအစိုးရအဆင့်တွင် အလားတူလုပ်ငန်းဌာနများကို ဆက်လက်လုပ်ဆောင်ရန် ခွင့်ပြုထားပြီး ရေနှင့်မိလ္လာသန့်ရှင်းရေး မြူနီစီပယ်လုပ်ငန်းများ၊ ဆေးရုံ၊ ဆေးခန်း၊ ဓါတ်ခွဲစမ်းသပ်ခန်းနှင့် ဆေးဝါးအရောင်းဆိုင်စသည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ နို့ထွက်ပစ္စည်း၊ သားငါး၊ သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်၊ အခြားစားသောက်ကုန်များနှင့်ရိက္ခာခွဲတမ်းများအား ရောင်းချသည့်ဆိုင်လုပ်ငန်းများ၊ အိမ်အရောက်ပို့စနစ်ဝန်ဆောင်မှုများ၊ အာမခံနှင့်ဘဏ် လုပ်ငန်းများ၊ တယ်လီဖုန်းနှင့် အင်တာနက် ကွန်ယက်ဆက်သွယ်မှုလုပ်ငန်းများ၊ ပုံနှိပ်နှင့်သတင်းမီဒီယာလုပ်ငန်းများနှင့် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်းများကို ဗိုင်းရပ်စ်ကူးစက်မှုကာကွယ်ရေး အစီအမံများဖြင့် ဆောင်ရွက်ခွင့်ပြုထားသည်။

နိုင်ငံအတွင်း အရေးကြီးလိုအပ်သည့် အခြေခံကုန်ပစ္စည်း ထုတ်လုပ်သောလုပ်ငန်းများ၊ စဉ်ဆက်မပြတ် လည်ပတ်ထုတ်လုပ်ရန် လိုအပ်သည့်ကုန်ထုတ်လုပ်ငန်းများအနေဖြင့် သက်ဆိုင်ရာ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ အစိုးရများထံမှ ခွင့်ပြုချက်ရယူဆောင်ရွက်ရန်ဖြစ်ကြောင်း၊ အရေးကြီးကုန်စည်များ သယ်ယူပို့ဆောင်ခြင်း၊ ကန့်သတ်တားမြစ်ကာလအတွင်း မိမိနေရပ်ဒေသသို့မပြန်နိုင်ပဲ နိုင်ငံအတွင်း ပိတ်မိနေသည့် နိုင်ငံခြားသားများနှင့် ပြည်တွင်းရှိဒေသအသီးသီးမှ နိုင်ငံသားများအတွက် ဟိုတယ်နှင့်တည်းခိုခန်းလုပ်ငန်း ဆောင်ရွက်ခြင်းတို့ကိုခွင့်ပြုမည်ဖြစ်ကြောင်း၊ နာရေးကိစ္စများရှိပါက လူ ၂၀ ဦးထက်ပိုမိုစုဝေးမှုမရှိပဲ ဆောင်ရွက်ခွင့်ပြုကြောင်း၊ ယခုထုတ်ပြန်သည့် အမိန့်ကြော်ငြာချက်ပါအချက်များအား ဖောက်ဖျက်ကျူးလွန်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်းသိရှိရပါသည်။

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ နယူးဒေလီမြို့**

Source: 1. India 21 day Lockdown: What is exempted, what is not, 24 March 2020, Economic Times

2. Order No. 40-3/2020-DM-I(A) of Ministry of Home Affairs of India, 24 March 2020

## STOCK EXCHANGE (25.3.2020)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 25th Mar. 2020

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 10,000 | -1,000 | -9.09% | 10,500 | 10,500 | 10,000 | 3,101 | 32,517,500 | 27,112,747 | 271,127 |
| MTSH | 00002 | 3,550 | -150 | -4.05% | 3,600 | 3,600 | 3,550 | 16,803 | 60,134,100 | 38,929,150 | 138,198 |
| MCB | 00003 | 8,200 | +0 | +0.00% | 8,200 | 8,200 | 8,200 | 0 | 0 | 10,400,986 | 85,288 |
| FPB | 00004 | 21,500 | +0 | +0.00% | 21,500 | 21,500 | 21,500 | 647 | 13,910,500 | 2,472,053 | 53,149 |
| TMH | 00005 | 2,750 | +0 | +0.00% | 2,750 | 2,750 | 2,750 | 85 | 233,750 | 12,823,224 | 35,264 |


## Market summary

As of 25th Mar. 2020

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 425.78 | -24.06 | -5.35% | 437.10 | 437.10 | 425.78 | 20,636 | 106,795,850 | 5 | 583,026 |

### Index chart




# Market Overview

As of 1:00 pm, 25th Mar. 2020

| MYANPIX | 425.78 ▼ 24.06 |
|---|---|
| Total Volume (shares) | 20,636 |
| Total Value (MMK) | 107 mil |
| Listed Company | 5 |
| Market Cap. (MMK) | 583,026 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 10,000 | ▼ 1,000 |
| MTSH | 00002 | 3,550 | ▼ 150 |
| MCB | 00003 | 8,200 | ▲ 0 |
| FPB | 00004 | 21,500 | ▲ 0 |
| TMH | 00005 | 2,750 | ▲ 0 |